# ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)

ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကို ပျဉ်းမနားမြို့နယ်တွင် ၂၀၀၃ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သုတေသနလုပ်ငန်းများကို ပိုမိုတိုးချဲ့သွားနိုင်ပြီး မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်းရှိ ဆေးတက္ကသိုလ်များနှင့် ပိုမိုပူးပေါင်း လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဒေသအတွင်းရှိ သိပ္ပံဘွဲ့ရရှိသူများကို စုစည်းခန့်အပ် တာဝန်ပေးနိုင်ခဲ့သဖြင့် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်သစ်များ၊ အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ငှက်ဖျားရောဂါ၊ ဂျိုက်သိုးရောဂါ များနှင့်ပတ်သက်၍ ကြိုတင်လေ့လာမှုများနှင့် ကွင်းဆင်းသုတေသနပြုခြင်းလုပ်ငန်းများကို ပျဉ်းမနား မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။

